ROYAL Express

# ROYAL EXPRESS

## Packaging Requirements




# ပစ္စည်းထုပ်ပိုးမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ
## General Requirements

**GR1**



ပေးပို့သော ပစ္စည်းတိုင်းသည် လမ်းခရီးတွင် ဖွင့်ဖောက်စစ်ဆေး ခံရနိုင်ခြေရှိသဖြင့် တားမြစ်ထားသော ပစ္စည်းများကို ဝှက်ထား၍သော်လည်းကောင်း၊ မြှပ်ထား၍သော်လည်းကောင်း ပေးပို့၍မရသည်ကိုအထူးသတိထားရန်လိုအပ်ပါသည်။

**GR2**



ထုပ်ပိုးမှုတစ်ထပ်မပါသော ပစ္စည်းများသည်ပွန်းပဲ့ ပျက်စီးနိုင်ချေမြင့်ပါသဖြင့် ပေးပို့လိုသောပစ္စည်းတိုင်းကို အနည်းဆုံးထုပ်ပိုးမှု တစ်ထပ်ပြုလုပ်ထားရန်လိုအပ်ပါသည်။

**GR3**



ကြံ့ခိုင်မှုနည်းသော၊ ထုထဲမှုနိမ့်သော၊ ပေါက်ပြဲနေသော ကဒ်ထူစက္ကူဗူးများအား အသုံးပြု၍ ထုတ်ပိုးမှုများသည်ပျက်စီးနိုင်ချေမြင့်ပါသဖြင့် အထဲရှိပစ္စည်းနှင့် စက္ကူဗူး အရွယ်ကိုက်ညီမှုရှိစေရန် ဂရုစိုက်၍ထုပ်ပိုးလုပ်ဆောင်ရန်လိုအပ်ပါသည်။

**GR4**




မိမိလိုအပ်ချက်အတိုင်း ထုပ်ပိုးမထားပါက ကျိုးနိုင်သည်၊ ကြေနိုင်သည်၊ ထိခိုက်နိုင်သည် ဖြစ်ပါသဖြင့် ကျိုးလွယ်၊ ခေါက်လွယ်၊ ကြေလွယ်သောပစ္စည်းများကို မိမိလိုအပ်ချက် ထက်သာလွန်ကောင်းမွန်သည်အထိ ထုပ်ပိုးထားရန်လိုအပ်ပါသည်။

**GR5**




ယိုဖိတ်နိုင်သော၊ စွန်းထင်းနိုင်သော ဆီနှင့် အရည်များပါဝင်သည့်ပစ္စည်းများကို လေလုံသော ဇစ်ပါသည့် အိတ် (air tight zip-lock bag) အပြင် လေဖောင်းအိတ် (bubble wrap) ၂ ထပ် နှင့် ပုံးအတွင်း အထပ်ထပ် (box-in-box) ဖြင့် ထုပ်ပိုးထားရန် လိုအပ်ပါသည်။

**GR6**




ပေးပို့လိုသော ပစ္စည်းတိုင်းသည် အမြင့် ၃ ပေမှ ပြုတ်ကျသည့်ဒဏ်နှင့် အလေးချိန် အနည်းဆုံး ၂၀ ကီလိုဂရမ် (20 Kg) ဖိအားကိုကောင်းစွာခံနိုင်ရည်ရှိမှသာ လုံလောက်သည့် ထုပ်ပိုးမှုဖြစ်သဖြင့် သတ်မှတ်ချက်အတိုင်း ထုတ်ပိုးဆောင်ရွက်ရန် လိုအပ်ပါသည်။

**GR7**




သတ်မှတ်ထားသော အရွယ်အစားဖြစ်သည့် ထုထည်ထက်ကြီးမားသော ပစ္စည်းများအား သယ်ယူပို့ဆောင်ရန်လွယ်သည့် အခြေအနေထိ ထုပ်ပိုးပြင်ဆင်ရန် လိုအပ်ပါသည်။ အလေးချိန်အရ Waybill တစ်ခုလျှင် (20 Kg) အထိသာ အများဆုံးလက်ခံဆောင်ရွက်ပေးနိုင်ပါသည်။ အတိုင်းအတာအရ အကြီးဆုံး (၃ ပေ x ၃ ပေခွဲ) Size အတွင်းရှိ ပါဆယ်များသာ ပေးပို့ခွင့်ပြုပါသည်။

**GR8**



အသေးငယ်ဆုံးပေးပို့နိုင်သည့် ပစ္စည်းအရွယ်အစားမှာ အလျား ၇ လက်မ ၊ အနံ ၅ လက်မ နှင့် အထု ၀.၇ လက်မ ဖြစ်သဖြင့်ထိုထက်သေးငယ်ပါက အရွယ်အစားပြည့်မီသည့် ဗူးတစ်ခုခုထဲကို ထည့်၍ ထုတ်ပိုးရန် လိုအပ်ပါသည်။

ROYAL Express

# ပေးပို့ပါဆယ်ပစ္စည်းများ၏ထုပ်ပိုးမှုပုံစံများ

## ● ပစ္စည်းအမျိုးအစားများ

- ပျက်စီးမလွယ်သောပစ္စည်းများ (Non-Fragiles)
- ပျက်စီးနိုင်ချေရှိသောပစ္စည်းများ (Fragiles)
- ယိုဖိတ်နိုင်သောပစ္စည်းများ (Leaking Hazards)
- နူးညံ့သော၊ ကွဲပျက်လွယ်သောပစ္စည်းများ (Delicates)
- အန္တရာယ်ရှိသောပစ္စည်းများ (Dangerous Goods)
- ထုထည်ကြီးမားလေးလံသည့် ပုံသဏ္ဌာန်မမှန်သောပစ္စည်းများ (Large Items)
- သေးငယ်သောပစ္စည်းများ (Small Items)
- စုပေါင်းပြီးထုပ်ထားသောပစ္စည်းများ (Co-Packaged Items)

ROYAL Express

# ပျက်စီးမလွယ်သောပစ္စည်းများ (Non-Fragiles)

ပို့ဆောင်ချိန်အတွင်း ပုံစံပျက်မသွားခြင်း၊ ကွဲခြင်း၊ ကျိုးခြင်း ၊ ထိခိုက်သွားခြင်း မဖြစ်နိုင်သော ပစ္စည်းများကို မပျက်စီးနိုင်သော ပစ္စည်းဟုသတ်မှတ်ပါသည်။

ဥပမာ – အဝတ်အထည်၊ ခန်းစီး၊ ခြေသုတ်ခုံ၊ သဘက်၊ အိပ်ရာခင်း။



၁။ မည်သည့် ပေးပို့ပါဆယ်တိုင်းအတွက် ထုပ်ပိုးမှုအလွှာ(Packaging Layer) တစ်ထပ်ဖြင့်လုံခြုံစွာထုပ်ပိုးထားပြီး မူလပါဆယ် (Original Parcel) ထိခိုက်မှုမရှိစေရန် ဒုတိယအလွှာ (Second Layer) ဖြင့်ထုပ်ပိုးပေးပါ။

၂။ မှန်ကန်သော ပါဆယ်ဗူး၊ အိတ် အရွယ်အစားကို အသုံးပြုပေးပါ။

၃။ ဗူးဖြင့် ထုပ်ပိုးထားပါက အတွင်းပစ္စည်းများ ရွေ့သွားခြင်း၊ နေရာပြောင်းခြင်း၊ လှုပ်ရမ်းခြင်း မရှိစေရန်အတွက် နေရာလွတ်(Free Space) များကို လုံလောက်စွာဖြည့်ပေးပါ။

၄။ မူလဗူး (Original Box) ဖြင့်ထုပ်ပိုးထားသော ပါဆယ်ဖြစ်ပါက ဗူးပျက်စီးမှုမရှိစေရန်အိတ် အကြည်တစ်ထပ် အသုံးပြုပေးပါ။

ROYAL Express

# ပျက်စီးနိုင်ခြေရှိသောပစ္စည်းများ (Fragiles)

သေချာစွာ ထုပ်ပိုးမထားပါက သယ်ယူပို့ဆောင်နေစဉ်တွင် ပုံပျက်နိုင်ခြင်း၊ ကျိုးနိုင်ခြင်း၊ ထိခိုက်နိုင်ခြင်း ရှိနိုင်သော ပစ္စည်းများကို ပျက်စီးနိုင်ခြေရှိသော ပစ္စည်းများဟု သတ်မှတ်ပါသည်။

ဥပမာ – ဖိနပ်၊ အိတ်၊ စက္ကူနှင့် လုပ်ထားသောထုတ်ကုန်၊ အလှဆင်ပစ္စည်းများ၊ Phone၊ Phone Cover၊ Laptop၊ Powerbank၊ Electronics ။



၁။ မည်သည့် ပေးပို့ပါဆယ်တိုင်းအတွက် ထုပ်ပိုးမှုအလွှာ (Packaging Layer) တစ်ထပ်ဖြင့်လုံခြုံစွာ ထုပ်ပိုးထားပြီး မူလပါဆယ် (Original Parcel) ထိခိုက်မှုမရှိစေရန် ဒုတိယအလွှာ (Second Layer) ဖြင့်ထုပ်ပိုးပေးပါ။

၂။ ဗူးဖြင့် ထုပ်ပိုးထားပါက အတွင်းပစ္စည်းများ ရွေ့သွားခြင်း၊ နေရာပြောင်းခြင်း၊ လှုပ်ရမ်းခြင်း မရှိစေရန်အတွက် နေရာလွတ်(Free Space) များကို လုံလောက်စွာဖြည့်ပေးပါ။

၃။ မှန်ကန်သော အိတ်အရွယ်စားဖြင့် ပစ္စည်းတစ်မျိုးလျှင် အိတ်တစ်လုံး အသုံးပြုပေးရန်နှင့် ပုံးအတွင်း အထပ်ထပ် (box–in–box) ဖြင့် ထုတ်ပိုးပေးပါ။

၄။ လေဖောင်းအိတ်(Bubble Wrap) ဖြင့်ပတ်ပြီး ပါဆယ်အရွယ်အစားနှင့်အညီ လေမဝင်စေရန်အတွက် လုံခြုံစွာ ထုပ်ပိုးပေးပါ။

ROYAL Express

# ယိုဖိတ်နိုင်သောပစ္စည်းများ (Leaking Hazards)

သယ်ယူပို့ဆောင်နေစဉ်အတွင်း အလွယ်တကူ ပုံပျက်နိုင်ခြင်း၊ စွန်းထင်းပေကျံနိုင်ခြင်း၊ အတွင်းပစ္စည်းများအား ထိခိုက်နိုင်သော ပါဆယ်များကို ယိုဖိတ်ပျက်စီးလွယ်သော ပစ္စည်းဟု သတ်မှတ်ပါသည်။

ဥပမာ – အရည်၊ အမှုန့်၊ အရည်ပါသောစားစရာများ၊ ဖိအားတစ်ခုဖြင့်ထည့်ထားသော 150 ML နှင့်အထက် အရည် နှင့် အရည်ကဲ့သို့သောပစ္စည်းများ။




၁။ မည်သည့် ပေးပို့ပါဆယ်တိုင်းအတွက် ထုပ်ပိုးမှုအလွှာ(Packaging Layer) တစ်ထပ်ဖြင့်လုံခြုံစွာ ထုပ်ပိုးထားပြီး မူလပါဆယ် (Original Parcel) ထိခိုက်မှုမရှိစေရန် ဒုတိယအလွှာ (Second Layer)ဖြင့် ထုပ်ပိုးပေးပါ။

၂။ လေဖောင်းအိတ်(Bubble Wrap) ဖြင့်ပတ်ပြီး ပါဆယ်အရွယ်အစားနှင့်အညီ လေမဝင်စေရန်အတွက် လုံခြုံစွာ ထုပ်ပိုးပေးပါ။

၃။ ၁၅၀ မီလီလီတာ(150 ML)ထက်များသော အရည်ဖြစ်လျှင် ဇစ်ပါသောအိတ်(ZipLock Bags)ဖြင့် တစ်ထပ် ပြန်လည်ထုပ်ပိုးပေးပါ။

၄။ ထွက်ကျနိုင်ခြင်း မရှိစေရန်အတွက် ပုလင်းဖုံးအား ပလတ်စတစ်တိပ်ကို အသုံးပြုပြီးပိတ်ပေးပါ။

၅။ အရည် (သို့) ပျက်စီးလွယ်သည့်အရည်များအား ပါဆယ်ပစ္စည်းပေါ်တွင် သိသာထင်ရှားစွာဖြင့် ဖော်ပြထားပေးပါ။

# နူးညံ့သော၊ ကွဲပျက်လွယ်သောပစ္စည်းများ (Delicates)

သယ်ယူပို့ဆောင်နေစဉ်အတွင်း အလွယ်တကူ ကျိုးကြေပျက်စီးနိုင်ခြင်း၊ ထိခိုက်နိုင်ခြင်း၊ ပုံပျက်နိုင်ခြင်းနှင့် အတွင်းမှပစ္စည်းများ ထွက်ကျနိုင်သော ပါဆယ်များကို နူးညံ့ပြီးပျက်စီးလွယ်သော ပစ္စည်းဟုသတ်မှတ်ပါသည်။

ဥပမာ – Tablet နှင့် CD ခွေကဲ့သို့လျှပ်စစ် ပစ္စည်းများ၊ မိတ်ကပ်ပစ္စည်းများ ၊ ပျက်စီးလွယ်သောအရုပ်များနှင့် ပစ္စည်းအမျိုးစားစုံ ထုပ်ပိုးထားသော ပါဆယ်ထုပ်များ။



၁။ မည်သည့်ပေးပို့ပါဆယ်တိုင်းအတွက် ထုပ်ပိုးမှုအလွှာ(Packaging Layer) တစ်ထပ်ဖြင့်လုံခြုံစွာ ထုပ်ပိုးထားပြီး မူလပါဆယ် (Original Parcel) ထိခိုက်မှု မရှိစေရန် ဒုတိယအလွှာ (Second Layer) ဖြင့်ထုပ်ပိုးပေးပါ။

၂။ ဗူးဖြင့်ထုပ်ပိုးထားပါက အတွင်းပစ္စည်းများ ရွေ့သွားခြင်း ၊ နေရာပြောင်းခြင်း ၊ လှုပ်ရမ်းခြင်း မရှိစေရန်အတွက် နေရာလွတ်(Free Space) များကို လုံလောက်စွာဖြည့်ပေးပါ။

၃။ လေဖောင်းအိတ်(Bubble Wrap) ဖြင့်ပတ်ပြီးပါဆယ်အရွယ်အစားနှင့်အညီလေမဝင်စေရန်အတွက် လုံခြုံစွာ ထုပ်ပိုးရန်၊ ပုံးအတွင်းအထပ်ထပ် (box-in-box) ဖြင့် ထုတ်ပိုးပေးပါ။


၄။ ပျက်စီးလွယ်သည်ဟူသောအသိပေးစာသားများကို ပါဆယ်ပစ္စည်းပေါ်တွင် သိသာထင်ရှားစွာဖြင့် ဖော်ပြထားပေးပါ။

ROYAL Express

# အန္တရာယ်ရှိသောပစ္စည်းများ (Dangerous Goods)

အနာတရဖြစ်စေနိုင်ခြင်း၊ မီးလောင်စေနိုင်ခြင်း၊ ဘတ်ထရီများနှင့် ပေါက်ကွဲစေနိုင်သော ပစ္စည်းများကို အန္တရာယ်ရှိသောပစ္စည်းဟု သတ်မှတ်ပါသည်။

ဥပမာ – ပိုးသတ်ဆေးများ၊ ချွန်ထက်သောပစ္စည်းများ၊ ဘတ်ထရီများ၊ ဘတ်ထရီပါသောပစ္စည်းများ။ (ဘတ်ထရီခြောက်)



၁။ မည်သည့်ပေးပို့ပါဆယ်တိုင်းအတွက် ထုပ်ပိုးမှုအလွှာ (Packaging Layer) တစ်ထပ်ဖြင့် လုံခြုံစွာ ထုပ်ပိုးထားပြီး မူလပါဆယ် (Original Parcel) ထိခိုက်မှုမရှိစေရန် ဒုတိယအလွှာ (Second Layer) ဖြင့်ထုတ်ပိုးပေးပါ။

၂။ ဗူးဖြင့်ထုပ်ပိုးထားပါက အတွင်းပစ္စည်းများ ရွေ့သွားခြင်း၊ နေရာပြောင်းခြင်း၊ လှုပ်ရမ်းခြင်း မရှိစေရန်အတွက် တင်းကြပ်စွာဖြင့်ထုတ်ပိုးပါ။

၃။ မှန်ကန်သော ဗူးအရွယ်အစားကို အသုံးပြုပြီး ပစ္စည်းတစ်ခုလျှင် လေဖောင်းအိတ်(Bubble Wrap) ၂ လွှာနှုန်းဖြင့် ထုပ်ပိုးပေးပါ။

၄။ ပျက်စီးလွယ်သည်၊ အထိရှလွယ်သည် အသိပေးစာသားများကို ပါဆယ်ပစ္စည်းပေါ်တွင်သိသာ ထင်ရှားစွာဖြင့် ဖော်ပြထားပေးပါ။

ROYAL Express

# ထုထည်ကြီးမားလေးလံသည့် ပုံသဏ္ဌာန်မမှန်သောပစ္စည်းများ (Large Items)

ထုထည်အရ ကြီးမားသောပါဆယ်ပစ္စည်းများ ( အလျား ၊ အနံ (သို့) အမြင့် တစ်ခုခုက 100 CM ထက်ပိုခြင်း ) လေးလံသောပစ္စည်းများ (10 KG ထက်ပိုတဲ့ပစ္စည်းများ) ကိုထုထည်ကြီးမားသောပစ္စည်းဟု သတ်မှတ်ပါသည်။

ဥပမာ – ကိရိယာများ၊ ကင်မရာ Stand ၊ Ring Light၊ စက်ပစ္စည်းများ။



**သတိပြုရန်**

ထုထည်ကြီးမားပြီး အလေးချိန်ပေါ့ပါးသော ပါဆယ်ပစ္စည်းများကို ဈေးနှုန်းတွက်ရာတွင် အတိုင်းအတာဖြင့်တွက်ချက်ခြင်း(Calculating by dimension) ဖြင့်တွက်ချက်သတ်မှတ်ပါသည်။

၁။ မည်သည့် ပေးပို့ပါဆယ်တိုင်းအတွက် ထုပ်ပိုးမှုအလွှာ(Packaging Layer) တစ်ထပ်ဖြင့်လုံခြုံစွာ ထုပ်ပိုးထားပြီး မူလပါဆယ် ( Original Parcel ) ထိခိုက်မှုမရှိစေရန် ဒုတိယအလွှာ (Second Layer) ဖြင့်ထုပ်ပိုးပေးပါ။

၂။ ဗူးဖြင့် ထုပ်ပိုးထားပါက အတွင်းပစ္စည်းများ ရွေ့သွားခြင်း၊ နေရာပြောင်းခြင်း၊ လှုပ်ရမ်းခြင်း မရှိစေရန်အတွက် တင်းကြပ်စွာဖြင့် ထုပ်ပိုးပေးပါ။

၃။ မှန်ကန်သော အရွယ်အစားကိုအသုံးပြုပြီး ပစ္စည်းတစ်ခုလျှင် လေဖောင်းအိတ်(Bubble Wrap)၊ ဖော့များဖြင့် ထုပ်ပိုးပေးပါ။


၄။ ပျက်စီးလွယ်သည်၊ အထိရှလွယ်သည် အသိပေးစာသားများ ပါဆယ်ပစ္စည်းပေါ်တွင် သိသာထင်ရှားစွာဖြင့် ဖော်ပြထားပေးပါ။

# သေးငယ်သောပစ္စည်းများ (Small Items)

အသေးဆုံးပါဆယ် ပေးပို့ရန်အတွက် လက်ခံသောအရွယ်စားမှာ အလျား ၇ လက်မ၊ အနံ ၅ လက်မ နှင့် အထု ၀.၇ လက်မ ဖြစ်ပါသည်။

ဥပမာ။ ။ Flash drive၊ လက်ဝတ်ရတနာများ (Fancys)၊ Sim Card၊ အလှဆင်ပစ္စည်းအသေးများ၊ စတစ်ကာများ။





၁။ သေးငယ်သော ပစ္စည်းများကို အိတ်ဖြင့် ထုပ်ပိုးမည်ဆိုပါက အိတ်အားအပေါ်မှ အကြိမ်ကြိမ် ပြန်လည် ထုပ်ပိုးရပါမည်။

၂။ သတ်မှတ်ထားသော အရွယ်အစားထက် သေးငယ်ပါက အရွယ်အစားပြည့်မှီသော ဗူးတစ်ခုခုထဲသို့ ထည့်ပို့ ပေးရပါမည်။

၃။ ဘောင်ချာ(Waybill) ကပ်ရန် လုံလောက်သော အကျယ်ရှိရမည့်အပြင် ပစ္စည်းထည့်ပြီးပါကလည်း နေရာလွတ်မရှိစေရန် သတိပြုရပါမည်။

# စုပေါင်းပြီးထုပ်ထားသောပစ္စည်းများ (Co-packaged items)

ပါဆယ်ပုံးတစ်ခုထဲတွင် (သို့) ပါဆယ်အိတ်တစ်ခုထဲတွင် အမျိုးအစားမတူသော ပစ္စည်းများစုပေါင်းထည့်ထားခြင်းကို ဆိုလိုပါသည်။

ဥပမာ။ ။ အလှကုန်နှင့်အဝတ်အထည်၊ အဝတ်အထည်နှင့်စားသောက်ကုန်၊ အရွယ်အစားမတူသော ပစ္စည်းများ စုပေါင်းပို့ခြင်း။



၁။ အမျိုးစားတူညီသော ပစ္စည်းများနှင့် ထိခိုက်ရန်လွယ်ကူသော ပစ္စည်းများကိုခွဲခြား၍ ပါဆယ်ထုပ်ပိုးပေးရပါမည်။

၂။ အသုံးပြုထားသော ပါဆယ်ပုံးထက် ကျော်လွန်စွာထုပ်ပိုးခြင်း၊ ကြပ်ညှပ်စွာထုပ်ပိုးခြင်း သည် ထည့်ထားသော ပါဆယ်များအား ထိခိုက်မှုရှိသည်ကို သတိပြုရပါမည်။

၃။ ပူးတွဲပါဆယ်ပစ္စည်းများ ပါရှိပါက (သို့မဟုတ်) ပေးပို့ရန်အရေအတွက် အများပြားရှိပါက ပစ္စည်းအားလုံးထည့်ရန်အတွက် လုံလောက်သော အရွယ်စားရှိသည့် ဂျပ်ဖာပုံးကို အသုံးပြုပေးရပါမည်။

၄။ ပူးတွဲပါဆယ် ပေးပို့လိုပါလျှင် ပါရှိသောပစ္စည်းအမျိုးစားများကို ပါဆယ်ပစ္စည်းပေါ်တွင် သိသာထင်ရှားစွာဖြင့် ဖော်ပြထားပေးရပါမည်။

ROYAL Express

# တားမြစ်ပစ္စည်းများ

## ဝန်ဆောင်မှုမရရှိနိုင်သောကန့်သတ်ပစ္စည်းများ



လက်နက်များ၊ စစ်ဘက်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲ စေနိုင်သောပစ္စည်းများ၊ ဖောက်ခွဲရေးပစ္စည်းများ နှင့် (လက်နက်အစစ်နှင့် အနီးစပ်ဆုံးတူသောကစားစရာများ)



အပင်များ၊ သက်ရှိ - သက်မဲ့ တိရစ္ဆာန်များ နှင့် ၎င်းတို့၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ



ကျိုးပဲ့ပျက်စီးလွယ်သော ပစ္စည်းများ



ပေါက်ပြဲနေသော လစ်သီယမ် ဓာတ်ခဲများ



ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများနှင့် တန်ဖိုးကြီးပစ္စည်းများ



ငွေစက္ကူ၊ ငွေစက္ကူကဲ့သို့ တန်ဖိုးရှိသော ပစ္စည်းများ၊ ထီလက်မှတ်၊ ချက်လက်မှတ်များနှင့် ပြန်လည် အစားထိုးပြုလုပ်ရန် ခက်ခဲသော စာရွက်စာတမ်းများ



အက်ဆစ်ကဲ့သို့သော ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အား အန္တရာယ် ဖြစ်စေနိုင်သော ပစ္စည်းများ



စွန်းထင်ပေကျံလွယ်ပြီး အနံ့ပြင်းသော ပစ္စည်းများ



မူးယစ်ဆေးဝါးနှင့် **FDA** လက်မှတ်မရှိသော ဆေးဝါးများ



မီးလောင် ပေါက်ကွဲစေနိုင်သော ပစ္စည်းများ



အမြင်မတင့်တယ်စေသော ပစ္စည်းများ



မြန်မာနိုင်ငံတည်ဆဲဥပဒေများအရ တားမြစ်ထားသော ပစ္စည်းများ နှင့် မလွတ်ကင်းသော ပစ္စည်းများ

ပေးပို့ခွင့်မပြုသော ပစ္စည်းများအား ကွယ်ဝှက်၍ ပို့ဆောင်ခြင်း၊ အသိပေးခြင်း မရှိပဲပို့ဆောင်ခြင်း နှင့် ဘောင်ချာ(Waybill)တွင် ဖော်ပြထားသောပစ္စည်းနှင့် အတွင်းပါဆယ် ကိုက်ညီမှုမရှိခြင်း စသည်များကို ပြုလုပ်ပါက Royal Express ၏ Terms and Conditions ကို ဖောက်ဖျက်ရာရောက်ပါသည်။

မည်သည့်အကြောင်းအရာကြောင့်ဖြစ်စေ ပျက်စီး ပျောက်ဆုံးမှု ဖြစ်ပေါ်ခဲ့ပါက Royal Express မှ သတ်မှတ်ထားသော Terms and Conditions အတိုင်းသာ ဖြေရှင်းပေးသွားမည်ဖြစ်ပါသည်။

https://www.royalx.net/terms-and-conditions